# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး

# ၃၄ ရက်မြောက်နေ့ အစီအစဉ်

# [ ၂၄-၇-၂၀၁၄ ] (ကြာသပတေးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန်အစည်းအဝေး ၃၄ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ သိရှိလိုသည့် နိုင်ငံခြားဘဏ်များနှင့် သက်ဆိုင်သော အချက်အလက်များအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရှင်းလင်းတင်ပြခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးအေးမောက်၊ မလှိုင် မဲဆန္ဒနယ်၏ **အာရှဖွံ့ဖြိုးရေးဘဏ်၊ ကမ္ဘာ့ဘဏ်၊ OECF စသည့် နိုင်ငံတကာဘဏ်များမှ ငွေချေးယူရာတွင် အဆင့်ဆင့် လုပ်ဆောင်ရသည့် ဆောင်ရွက်ပုံများကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဒေါ်ဇာတလဲမ်း၊ ထန်တလန် မဲဆန္ဒနယ်၏ **ပြည်နယ်နှင့်တိုင်းဒေသကြီးများတွင် ဝန်ထမ်းများ ခန့်ထားခြင်း၊ အပြောင်းအရွှေ့လုပ်ခြင်း၊ တင်ဒါခေါ်ယူခြင်းများ ပြုလုပ်ရာတွင် အသက် ၂၅ နှစ်ဖြင့် မကန့်သတ်ဘဲ အသက်ပိုကြီးသူများကို ဦးစားပေးခန့်ထားရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးအုန်းငွေ၊ မြောင် မဲဆန္ဒနယ်၏ **အသက်(၆၀)အစား (၆၃)နှစ်ပြည့်မှသာ သက်ပြည့်ပင်စင် သတ်မှတ်မည်မှာ မှန်ကန်မှုရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးအေးမောင်၊ ဘောလခဲ မဲဆန္ဒနယ်၏ **ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနနှင့် တိုင်း/ ပြည်နယ်အစိုးရအဖွဲ့များ ဆောင်ရွက်သည့် လုပ်ငန်းစီမံကိန်းများ၏ လုပ်ငန်းစစ်ဆေးကြပ်မတ်ခြင်းကို မည်သည့် ဝန်ကြီးဌာနအဖွဲ့အစည်းမှ ကွင်းဆင်းစစ်ဆေး အစီရင်ခံ တင်ပြခြင်းကို သိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးမောင်တိုး၊ မင်းလှ မဲဆန္ဒနယ်၏ **ပြည်သူလူထုနှင့် ဆက်ဆံနေရသော ဝန်ကြီးဌာနနှင့် ဦးစီးဌာနများသည် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များကို ပြည်သူများ အလွယ်တကူ သိရှိနိုင်ရန်အတွက် Website များ လွှင့်တင်ထားနိုင်ရေး** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

၇။ ဦးအောင်ဇင်၊ ပုဇွန်တောင် မဲဆန္ဒနယ်က **"မြန်မာနိုင်ငံနှင့် လိုက်လျော ညီထွေမှုရှိမည့် ပြည်သူ့လွှတ်တော်အတွက် ရွေးကောက်ပွဲ ကျင်းပမည့် စနစ်တစ်ခုကို ဖော်ဆောင်ကျင့်သုံးနိုင်ရေးအတွက် စီစဉ်ဆောင်ရွက် ပေးနိုင်ရေး တိုက်တွန်းကြောင်း"** အဆို တင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်မသင့် အဆုံးအဖြတ် ရယူခြင်း။

၈။ အဆိုကို လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်း ဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန် မရှိကြောင်း ကြေညာခြင်း။

**(သို့မဟုတ်)**

လက်ခံဆွေးနွေးရန် ဆုံးဖြတ်သော အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခြင်း။

၉။ တရားစီရင်ရေး၊ ဥပဒေရေးရာနှင့် တိုင်ကြားစာများ၊ အသနားခံစာများ စိစစ်ဆောင်ရွက်ရေးကော်မတီက တင်သွင်းသော **“ ၂၀၁၃ ခုနှစ်၊ အသက်ဘေးအန္တရာယ် စိုးရိမ်ရသော ထိခိုက်ဒဏ်ရာ ရရှိသူ လူနာများအား အချိန်မီ ဆေးကုသနိုင်ရေးအတွက် ကူညီစောင့်ရှောက်ပေးရေး ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၀။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည် ပေးပို့သော **“ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၁။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့သော **“ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၂။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည် ပေးပို့သော **“ အမျိုးသားပညာရေး ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၃။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့သော **“ အမျိုးသားပညာရေး ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှုရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း၊

၁၄။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒသမပုံမှန် အစည်းအဝေး ၃၄ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၃၅ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။